The Standard Time Daily
www.sdtimedaily.com
www.facebook.com/standardtimedaily

# ကျွန်ုပ်တို့နှင့် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်ရေး အတူရှိခဲ့သည့် ၁၀ နှစ်တာ

ယခုနှစ်သည် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်ရေး ပထမအကြိမ်ခေါင်းဆောင်များအစည်းအဝေး ကျင်းပခဲ့သည့် ၁၀ နှစ်မြောက် ဖြစ်ပါသည်။

၂၀၁၆ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်ရေးကို တရားဝင် စတင်လည်ပတ်ခဲ့ပါသည်။ ၁၀ နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင်နိုင်ငံများသည် လက်တွဲကာရှေ့ဆက်၍ အေးအတူပူအမျှရှိနေခဲ့ကာ "ကံကြမ္မာတူ အသိုက်အဝန်း"ကို လက်လှမ်းမီနိုင်သည့် နွေးထွေးမှုဖြစ်လာစေခဲ့ပြီး ပူးပေါင်းဆောင်ရွက်ရေးရလဒ်များကို ၆ နိုင်ငံပြည်သူပြည်သားများ၏ နေ့စဉ်ဘဝအတွင်းသို့ ပေါင်းစည်းဝင်ရောက်နိုင်စေခဲ့သည်။



## တရုတ်နိုင်ငံ လူကွမ်းရှန့် ။ ။ လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်ရေးသာမန်ပြည်သူပြည်သားတို့၏ နေ့စဉ်ဘဝအတွင်း ဝင်ရောက်လာခဲ့ခြင်း

ယူနန်တက္ကသိုလ် နိုင်ငံတကာ ဆက်ဆံရေးကောလိပ် ကျောင်းအုပ်ကြီး၊ လန်ချန်းမြစ်-မဲခေါင်မြစ် ဒေသခွဲ သုတေသနစင်တာ ညွှန်ကြားရေးမှူးချုပ် လူကွမ်းရှန့်က တရုတ်နိုင်ငံနှင့် မဲခေါင်မြစ်ဝှမ်းနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုသည် သီးခြားစီးပွားရေးနယ်ပယ်အဖြစ်ကို ကျော်လွန်နေပြီဖြစ်ပြီး နိုင်ငံရေး၊ လုံခြုံရေး၊ လူ့ဘောင်အဖွဲ့အစည်းစသည့် ဘက်ပေါင်းစုံတို့သို့ တိုးချဲ့ရောက်ရှိနေပြီဖြစ်သည် ဟု ယူဆပါသည်။

၎င်းက ၁၀ နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုသည် အစိုးရဦးဆောင်သည့် နိုင်ငံချင်းပူးပေါင်းဆောင်ရွက်မှုမှ လူ့အဖွဲ့အစည်း အလွှာအသီးသီးသို့ တစ်ဆင့်ချင်း ဆန့်တန်းရောက်ရှိလာပြီး သာမန်ပြည်သူများ၏ နေ့စဉ်ဘဝနေထိုင်မှုအတွင်းသို့ ဝင်ရောက်လာခဲ့ပြီဟု ယူဆပါသည်။ မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများမှ ပညာတော်သင်ကျောင်းသား ၇၀၀၀ ကျော်သည် ယူနန်ပြည်နယ်တွင် ပညာသင်ယူနေပြီး "သေးငယ်သော်လည်းလှပသည့်" ပြည်သူ့အကျိုးပြုစီမံကိန်းများကို ကျေးလက်ဒေသများတွင် အခြေကျစေခဲ့ကာ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် သင်ကြားရေး ပူးပေါင်းဆောင်ရွက်မှုကို စဉ်ဆက်မပြတ်နက်ရှိုင်းလာစေခဲ့ပါသည်။

## မြန်မာနိုင်ငံ ဆာရာမွန်စန်းပန်း ။ ။ မိတ်ဆွေတစ်ဦးပို့၍ လမ်းတစ်ကြောင်းပိုလာခြင်း

မြန်မာနိုင်ငံမှ သံတမန်အရာရှိ ဆာရာမွန်စန်းပန်းက လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုသည် သူမအနေနှင့် ယခင်က အလုပ်စာရွက်စာတမ်းများတွင် ကြိမ်ဖန်များစွာ ထွက်ပေါ်လာတတ်သော ဝေါဟာရ၊ အစည်းအဝေးတွင် အဓိကထားဆွေးနွေးသော အကြောင်းအရာအဖြစ်သာရှိခဲ့ပြီး အနည်းငယ်ဝေးကွာသည်ဟု ခံစားရကြောင်း မျှဝေပြောပြပါသည်။ "ကျွန်မ ယူနန်ပြည်နယ်မှာ တရုတ်ဘာသာလာရောက်သင်ယူတော့မှ ဒီအရာအားလုံးက စစ်မှန်လာခဲ့တာပါ။"

ဆာရာမွန်စန်းပန်းက တရုတ်ဘာသာသင်ယူခြင်းသည် ဆွေးနွေးဆက်ဆံရေး တံတားတစ်စင်းကို မိမိကိုယ်တိုင်တည်ဆောက်ခြင်းကဲ့သို့ပင်ဟု ပြောပါသည်။ သူမက "ဘာသာစကားကနေတစ်ဆင့် တရုတ်နိုင်ငံသားတွေရဲ့ ဘဝနေထိုင်မှုအတွင်းကို ကျွန်မအမှန်တကယ် ဝင်ရောက်နိုင်ခဲ့ပြီး တရုတ်မိတ်ဆွေတွေအပေါ် မြန်မာနိုင်ငံအကြောင်းကိုလည်း ရှင်းလင်းပြောပြနိုင်ခဲ့ပါတယ်"ဟု ပြောပါသည်။

သူမက "မိတ်ဆွေတစ်ဦးပိုပါက လမ်းတစ်ကြောင်းပိုလာပြီး ဘာသာစကားတစ်မျိုးပိုလာပါက ပြတင်းတံခါးတစ်ချပ် ပိုလာပါသည်။ ကျွန်မတို့သည် ဘာသာစကားကို တံတားအဖြစ်ဖြင့် ပိုမိုသာယာလှပသော လန်ချန်း-မဲခေါင်အနာဂတ်ကို အတူတကွ ဖန်တီးကြရအောင်ပါ"ဟု ပြောပါသည်။

## ကမ္ဘောဒီးယားအိုဝင်၏ "နှလုံးသားမေတ္တာခရီးစဉ်"က နွေးထွေးသော မှတ်ချက်များ ကျန်ရစ်ခဲ့ခြင်း

ကမ္ဘောဒီးယားနိုင်ငံ Siem Reap ပြည်နယ် Banteay Srei ခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးအိုဝင်သည် ကမ္ဘောဒီးယားနိုင်ငံမှ ကျောင်းများသို့ ကြည့်ရှုလေ့လာမှုများ ပြုလုပ်ခဲ့ပြီးမွေးရာပါနှလုံးရောဂါဝေဒနာရှင်ကလေးငယ်များကို ယူနန်ပြည်နယ်သို့ ဆေးဝါးကုသမှု လာရောက်ခံယူနိုင်ရန် ကူညီပေးခဲ့ပါသည်။ ယူနန်ပြည်နယ် ဖူဝိုက်နှလုံးသွေးကြောရောဂါဆေးရုံသည် ကမ္ဘောဒီးယားနိုင်ငံကို ဦးတည်ဆောင်ရွက်သည့် "နှလုံးသားမေတ္တာခရီးစဉ်" မွေးရာပါနှလုံးရောဂါဝေဒနာရှင်ကလေးငယ်များ စစ်ဆေးရွေးချယ်ခြင်းနှင့် ပရဟိတ ကုသခြင်းလုပ်ရှားမှု "နှလုံးသားမေတ္တာခရီးစဉ်"သည် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်ရေး၏အနွေးထွေးဆုံးသော၊ ရင်ကိုလှုပ်ခတ်စေသော မှတ်ချက်ဟု သူက ယူဆပါသည်။

အိုဝင်က ကမ္ဘောဒီးယားကလေးငယ် ဖုန်ဆဲ့လား၏ အကြောင်းကို ပြောပြပါသည်။ ဖုန်ဆဲ့လားသည် ၂၀၁၈ ခုနှစ်တွင် ကူမင်းမြို့သို့ လာရောက်ဆေးကုသမှု ခံယူခဲ့ပြီး ယနေ့အခါတွင် တက္ကသိုလ်ကျောင်းသားတစ်ယောက် ဖြစ်နေခဲ့ပါပြီ။ "မေတ္တာနဲ့စေတနာတို့က နိုင်ငံ့နယ်နိမိတ်ကို ဖြတ်ကျော်လာခဲ့တယ် ဆိုတာ ကျွန်တော် စစ်မှန်စွာ ခံစားလိုက်ရပါတယ်"ဟု အိုဝင်က ပြောကြားခဲ့ပါသည်။

အိုဝင်က "နှလုံးသားမေတ္တာခရီးစဉ်"စီမံကိန်းသည် ဆေးဝါးကုသရေးကူညီမှုတစ်ကြိမ်သာမဟုတ်ဘဲ ကမ္ဘောဒီးယား-တရုတ် နှစ်နိုင်ငံပြည်သူများ၏ ချစ်ကြည်ရေးတံတားကို ဆက်ဆံပေးခဲ့ခြင်းလည်းဖြစ်သည်ဟု ပြောပါသည်။

## ဗီယက်နမ်နိုင်ငံ Nguyen Thi Nhu Van ။ ။ ဒေသတွင်း တစ်သားတည်းကျခြင်းသည် စိမ်းလန်းမှုအသွင်ပြောင်းခြင်းအကောင်အထည်ပေါ်လာစေရေး၏ အဓိကအချက်ဖြစ်ခြင်း

ဗီယက်နမ်နိုင်ငံလျှပ်စစ်စွမ်းအင်တက္ကသိုလ် စက်မှုလုပ်ငန်းနှင့် စွမ်းအင် စီမံခန့်ခွဲရေးကောလိပ် ကထိက Nguyen Thi Nhu Van က ဗီယက်နမ်နိုင်ငံသည် စိမ်းလန်းစွမ်းအင်အသွင်ပြောင်းခြင်းကို အလျင်အမြန် တိုးမြှင့်ဆောင်ရွက်နေကြောင်း၊ ဗီယက်နမ်-တရုတ်နှစ်နိုင်ငံသည် ဆိုလာ၊ လေအားသုံးလျှပ်စစ်၊ စမတ်လျှပ်စစ်ကွန်ရက်နှင့် နိုင်ငံဖြတ်ကျော်လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနယ်ပယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအတွက် အခွင့်အလမ်းသစ်များ ဖန်တီးနိုင်ခဲ့ကြောင်း မိတ်ဆက်ပြောပြပါသည်။

"ဒေသတွင်းတစ်သားတည်းကျခြင်းကလည်း စိမ်းလန်းအသွင်ပြောင်းခြင်း အကောင်အထည်ဖော်ရေးရဲ့ အဓိကအချက်ဖြစ်ပါတယ်။" Nguyen Thi Nhu Van က ဗီယက်နမ်နိုင်ငံသည် လာအို၊ ကမ္ဘောဒီးယားနှင့် တရုတ် စသည့်နိုင်ငံများနှင့် လျှပ်စစ်ကွန်ရက် အပြန်အလှန် ချိတ်ဆက်ရေး ပိုမိုဆောင်ရွက်ခြင်းဖြင့် စွမ်းအင်ထောက်ပံ့ရေးလမ်းကြောင်း တိုးချဲ့နိုင်ခဲ့ကြောင်း ပြောပြပါသည်။

Nguyen Thi Nhu Van က ဗီယက်နမ်-တရုတ် နှစ်နိုင်ငံသည် မဟာဓာတ်အားလိုင်းလျှပ်စစ်ပို့လွှတ်ရေးနှင့် စမတ်လျှပ်စစ်ကွန်ရက်နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုကြောင့် ဗီယက်နမ်နိုင်ငံ၏ ဒေသတွင်းအဆင့် မြင့်တက်လာစေရန် အကျိုးများစေခဲ့ပါသည်။

## လာအိုနိုင်ငံ Anou Pheakon ။ ။ "ရွှေလမ်းကြောင်း"က အခွင့်အလမ်းသစ်များကို ဖန်တီးနိုင်ခဲ့ခြင်း

လာအို-တရုတ်ရထားလမ်းကုမ္ပဏီလီမိတက် ဒုတိယမန်နေဂျင်းဒါရိုက်တာ Anou Pheakon က ၂၀၂၁ ခုနှစ်တွင် တရုတ်-လာအိုရထားလမ်းကို တရားဝင်ပြေးဆွဲခဲ့ပြီး လာအိုနိုင်ငံသည် "ကုန်းတွင်းပိုင်းပိတ်နိုင်ငံ"မှ "ကုန်းတွင်းပိုင်းဆက်သွယ်ရေးနိုင်ငံ"အဖြစ် ပြောင်းလဲလာခဲ့ကာ ခေတ်သစ်နှင့် ချိတ်ဆက်မှုသို့ လျှောက်လှမ်းနိုင်ခဲ့ကြောင်း ပြောပါသည်။

ယခုအခါတွင် ဤရထားလမ်းသည် လာအိုနိုင်ငံ နယ်ပယ်အသီးသီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကအင်ဂျင်ဖြစ်လာခဲ့ပါပြီ။ ဟန္နိုင်းနှင့် ကူမင်းတို့အကြား သယ်ယူပို့ဆောင်ရေး အရင်းအနှီး များစွာကျဆင်းခဲ့ပြီး ကုန်စည်သယ်သူပို့ဆောင်ရေး မြင့်သာစွာ မြင့်တက်လာခဲ့ပါသည်။ နှစ်နိုင်ငံလုပ်ငန်းများ၏ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဆွေးနွေးဆက်ဆံရေးအတွက် များပြားလှသော အဆင်ပြေမှုများ ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

Anou Pheakonက ဤ "ရွှေလမ်းကြောင်း"သည် ဒေသတွင်းအတွက် စည်ပင်သာယာမှုများမျှဝေပေးနိုင်သည့် ခိုင်မာသောပလက်ဖောင်းဖြစ်ပြီး ကုန်စည်ကူးလူးမှု အဆင်ပြေခြင်း၊ ပြည်သူချင်း စိတ်နှလုံးနီးစပ်ခြင်းများ တိုးမြှင့်ပေးနိုင်ခဲ့သည်ဟု ယုံကြည်ပါသည်။

## ထိုင်းနိုင်ငံ Sompan ။ ။ ယူနန်ပြည်နယ်တွင် အိမ်လည်သွားနိုင်သော နေရာများရှိနေခြင်း

ယူနန်ပြည်နယ်တွင် နေထိုင်သော ထိုင်းနိုင်ငံဘလော့ဂါ Sompan သည် ယခုနှစ်ပိုင်းများတွင် "လာ၊ အိမ်လည်သွားကြမယ်" ထိုင်းဘာသာစကားပြော အသေးစားမှတ်တမ်းတင်ရိုက်ကူးရေးတွင်အမြဲပါဝင်ခဲ့ပါသည်။ အိမ်လည်သွားမှုကြောင့် သူမတွင် ဆင်နွှဲ၍မကုန်သော ပွဲတော်များရှိခဲ့ပြီး ယူနန်မိသားစုလည်း ရှိလာခဲ့ပါသည်။

ယမန်နှစ် အောက်တိုဘာလတွင် သူမသည် ဟုန်ဟယ်ဟားနီ၊ ယီတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ လွီချွင်းခရိုင်သို့ သွားရောက်၍ ဟားနီတိုင်းရင်းသား စားပွဲရှည်ပွဲတော်ကို ဆင်နွှဲခဲ့ပါသည်။ ထောင်ချီသောစားပွဲများ လမ်းတစ်လျှောက်ခင်းကျင်းထားပြီး အနယ်နယ်အရပ်အရပ်မှ လာသော ဧည့်သည်များ အတူတကွ ထိုင်နေကြသည့်မြင်ကွင်းမှာ လွန်စွာအံ့အားသင့်ဖွယ်ကောင်းပါသည်။

သူမက အိမ်လည်သွားမှုအကြိမ်တိုင်းသည် ယူနန်ကို မြင်တွေ့ခဲ့ရုံသာမက နေထိုင်လိုသော ဘဝနေ့ရက်များကိုလည်း ချစ်မြတ်နိုးသောလုပ်ငန်းဖြစ်လာစေခဲ့သည်ဟု ပြောပါသည်။